ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


# Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ ထီးသူးကူးကျေးရွာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၈ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ဉစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဉစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၇ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၈ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၉ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၀ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၁ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၂ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၄ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၆ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၈ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၉ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၁ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၃၂ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၃၃ |

# လွိုင်ကော်မြို့နယ်မြေပုံ


လွိုင်ကော်မြို့နယ်
N
စကေး - ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



## ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | နွားလပိုးအုပ်စု | နွားလပိုးစံပြ | |
| ၂။ | နွားလပိုးအုပ်စု | နွားလပိုးရွာမ | |
| ၃။ | နွားလပိုးအုပ်စု | ကယန်းကြခူ | |
| ၄။ | နွားလပိုးအုပ်စု | ပဒါးညေး | |
| ၅။ | နွားလပိုးအုပ်စု | လယ်ထွဲရွာဟောင်း | |
| ၆။ | နွားလပိုးအုပ်စု | လယ်ထွဲရွာသစ် | |
| ၇။ | နွားလပိုးအုပ်စု | လင်ဖုံ(အထက်) | |
| ၈။ | နွားလပိုးအုပ်စု | လင်ဖုံ(အောက်) | |
| ၉။ | နွားလပိုးအုပ်စု | ဒေါခေါ်ခူ | |
| ၁၀။ | နွားလပိုးအုပ်စု | မော်ချီးစုစည်း | |
| ၁၁။ | နွားလပိုးအုပ်စု | ၃ မိုင်ပကြာ်စံပြ | |
| ၁၂။ | နွားလပိုးအုပ်စု | ထီးသူးကူး | |
| ၁၃။ | နွားလပိုးအုပ်စု | ပျားကနဲ | |
| ၁၄။ | နွားလပိုးအုပ်စု | မြေနီကုန်း | |
| ၁၅။ | နွားလပိုးအုပ်စု | ထေးပလော်ခူ | |
| ၁၆။ | နွားလပိုးအုပ်စု | ထီရိ | |
| ၁၇။ | နွားလပိုးအုပ်စု | ကယန်းသာယာ(တောင်) | |
| ၁၈။ | နွားလပိုးအုပ်စု | ကယန်းသာယာ(မြောက်) | |
| ၁၉။ | နွားလပိုးအုပ်စု | သပြေကုန်း | |
| ၂၀။ | နွားလပိုးအုပ်စု | ကျောက်ကြီး(တောင်) | |

လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ဒုတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၇-၂၀၁၈) ခုနှစ်

ကျေးရွာအုပ်စုအမည်-**နွားလပိုး** ကျေးရွာအမည်-**ထီးသူးကူး** ရက်စွဲ ၁၄.၁၀.၂၀၁၇

**၁။ ကျေးရွာသမိုင်းအကြောင်း**

ထီးသူးကူးကျေးရွာရှိ ရွာသူရွာသားများသည် ယခင်က ဖရူဆိုမြို့နယ် ထီးဘျားဒေး ကျေးရွာနှင့် ကေးလျားကျေးရွာ တွင်နေထိုင်ခဲ့ကြပြီး အလုပ်အကိုင်နှင့်မြေနေရာအခက်အခဲကြောင့် ရွာသစ်ထူထောင်ရန်အတွက် လောပိတကျေးရွာ အုပ်စုသို့ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ကျေးရွာနေရာ အသစ်ကို ၁၉၇၀ ခုနှစ်တွင် စတင်တည်ထောင်နေထိုင်ခဲ့ကြပြီးရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် နှစ် (၂၀) ကြာ လုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြပါသည်။ ထိုစဉ်အခါ နယ်မြေအေးချမ်းမှုမရှိခဲ့ခြင်းတို့ကြောင့် အမြန်ရွှေ့ပြောင်းရန်အမိန့်ထုတ်ခံရခြင်းကြောင့် ယခုလက်ရှိနေထိုင်သော နွားလပိုးကျေးရွာအုပ်စုတွင် မြေနေရာချပေးပြီးနေထိုင်စေခဲ့ပါသည်။ နွားလပိုးကျေးရွာအုပ်စု သို့ ၁၉၉၀ ခုနှစ် တွင် ပြောင်းရွှေ့နေထိုင်ရာတွင် အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း ၊ စိုက်ပျိုးရန် လယ်ယာမြေရှားပါးခြင်း ဝေးလံသောနေရာသို့သွားရောက်ပြီး သီးနှံသွားရောက်စိုက်ပျိုးကြရပါသည်။ အချို့မှာ တောင်ယာ/ လယ်ယာပိုင်ဆိုင်မှု အနည်းငယ်ရှိပြီးပြောင်း၊ မြေပဲ၊ ပဲစဉ်းငုံ စသည့်တို့ကိုစိုက်ပျိုးယာကြပါသည်။ ထီးသူးကူးကျေးရွာသည် လွိုင်ကော်မြို့နှင့်(၃)မိုင်အကွာတွင်တည်ရှိပါသည်၊ ထီသူးကူးကျေးရွာကို စတင်ပြောင်းရွှေလာစဉ်က စားဝတ်နေရေး အတွက်အခက်အခဲများစွာရှိခဲ့ပါသည်။

ထီးသူးကူးကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ခဲ့ကြသောတောင်သူများ ဖြစ်ပါသည်။လုပ်ကိုင်လျက်ရှိသော တောင်ယာမှာ ဝေးသောကြောင့်အချို့မှာတောင်ယာတွင်သာ သွားရောက်နေထိုင်ပြီး တစ်ပတ်နှစ်ပတ်ကြာမှသာ ကျေးရွာသို့ပြန်လာကြပါသည်။ အချို့မှာ တစ်နေ့ လုပ်တစ်နေ့စားကြုံရာကျဘမ်း အလုပ်လုပ်ကိုင်ကြပါသည်။ အထူးသဖြင့် လူငယ်များသည် အခြားမြို့နယ်သို့လည်းကောင်း၊ နိုင်ငံရပ်ခြားသို့လည်းကောင်း အလုပ်သွားရောက်လုပ်ကိုင်ကြပါသည်။ ထီးသူးကူးကျေးရွာအတွင်းကျန်းမာရေးကော်မတီ ဖွဲ့စည်းထားရှိပါသည်။ အခါအားလျော်စွာ သွေးစစ်ခြင်း(ငှက်ဖျား/ဆီးချို/သွေးချို)ပြုလုပ်ပေးပါသည်။ ကိုယ်ဝန်ဆောင်မိခင်များနှင့် နာမကျန်းဖြစ်သူများသည် နွားလပိုးအုပ်စုကျေးလက်ကျန်းမာရေးဌာနခွဲတွင် သွားရောက်ပြသကြ ပါသည်။ ယခုလက်ရှိထီးသူးကူးကျေးရွာတွင် အိမ်ခြေ(၄၈)အိမ်ရှိပြီး ကယားလူမျိုးများသာ နေထိုင်ကြပါသည်။ ခရစ်ယာန်ဘာသာကိုအဓိက ကိုးကွယ်ကြပါသည်။ ကျေးရွာသူ/ကျေးရွာသား များသည် ကျေးရွာ၏သာရေး/နာရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြပါသည်။


**မှတ်တမ်းတင်သူ**
အမည် - ဒေါ်လူစီးယာအေးမွန်
ရာထူး- လူထုစည်းရုံးရေးမှူး

# လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ(social Map/Resource Map) | ၂၃.၀၁.၂၀၁၇ | ရပ်မိရပ်ဖ ကော်မတီဝင်များ | ၁၄ | ၂၃ | ၃၇ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊မြစ်ချောင်း၊ ရေတွင်းရေကန်သစ်တောများ |
| ၂ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက် (Wealth Ranking) | ၂၃.၀၁.၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၁၄ | ၂၃ | ၃၇ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားမျးနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၃.၀၁.၂၀၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၁၄ | ၂၃ | ၃၇ | အမျိုးသမီးနှင့် အမျိုးသားများ ပိုင်ဆိုင် ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့) အရင်းအမြစ် များကိုသုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန် Seasonal Calender | ၂၃.၀၁.၂၀၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၁၄ | ၂၃ | ၃၇ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၃.၀၁.၂၀၁၇ | အမျိုးသား၊ အမျိုးသမီးများ | ၁၄ | ၂၃ | ၃၇ | အမျိုးသား၊အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့် အကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၃.၀၁.၂၀၁၇ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့ | ၁၄ | ၂၃ | ၃၇ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

## ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ်-လှိုင်ကော် ကျေးရွာအုပ်စု-နွားလပိုး ကျေးရွာ-ထီးသူးကူး ရက်စွဲ -၂၃.၁၀.၂၀၁၇



ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# လူမှုရေး နှင့် အရင်းအမြစ်ပြ မြေပုံသုံးသပ်ချက်

ထီးသူးကူးကျေးရွာတွင် အိမ်ခြေ(၄၈)အိမ် ရှိပြီး ကယားလူမျိုးများသာနေထိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး အသက်မွေးကြသောကျေးရွာဖြစ်ပါသည်။ လယ်ယာများတွင် စပါး၊ ပြောင်း၊ မြေပဲနှင့် ပဲစဉ်းငုံတို့ကို အဓိကစိုက်ပျိုးကြပါသည်။ ထိုစိုက်ပျိုးသီးနှံကိုသာအမှီပြုမိသားစု၏စားဝတ်နေရေး ပြဿနာကိုဖြေရှင်းကြရပါသည်။ လယ်ယာရှိသောသူများသည် စားဝတ်နေရေး ပိုမိုအဆင်ပြေကြပြီး လယ်ယာမြေမရှိသော သူများသည် အငှားလိုက်ခြင်းဖြင့် စားဝတ်နေရေးအတွက် အဆင်ပြေစေရန်ဆောင်ရွက်ကြပါသည်။ စပါးနှင့်ပြောင်းတို့ကို မေလနှင့်ဇွန်လတွင် အများဆုံးစိုက်ပျိုးကြပါသည်။ ရာသီဥတုပေါ် မူတည်ပြီး စိုက်ပျိုးကြပါသည်။ စပါး နှင့် ပြောင်းမျိုးကောင်းမျိုးသန့် ရရှိစေရန်ဈေးကြီးပေးပြီးဝယ်ကြရသည်။ စိုက်ပျိုးရာသီနှင့် ရိတ်သိမ်းရာသီပြီးသောအခါတွင် တောင်ယာများကို ရှင်းလင်းမီးရှို့ကြပါသည်။

စိုက်ပျိုး ရေးရာသီနားသောကာလတွင် တစ်ဖက်တစ်လှမ်းမှဝင်ငွေရရှိစေရန်အတွက် အမျိုးသားများသည် ပန်းရံနှင့် လက်သမားလုပ်ငန်းနှင့် အခြားနေ့စားများသွားရောက်လုပ်ကိုင်ဆောင်ရွက်ကြပြီး အမျိုးသမီးများမှာ ကြက်၊ ဝက်မွေးမြူးခြင်း သွားရောက်ရောင်းချခြင်းဖြင့်ဝင်ငွေရရှိအောင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းရှားပါးသောကြောင့် အချို့သောသူများသည် အခြားမြို့နယ်တွင် သော်လည်းကောင်း၊ နိုင်ငံခြားတွင်သော်လည်းကောင်းသွားရောက်အလုပ်လုပ်ကိုင်ကြပါ သည်။ ကျေးရွာလူထုများသည် အိမ်တိုင်း တွင်ရေတွင်းများရှိသော်လည်း နွေရာသီတွင်ရေခမ်းပြီး ရေလုံလောက်မှုမရှိပါ။

ထီးသူးကူးကျေးရွာတွင် အလယ်တန်း စာသင်ကျောင်း ရှိပြီး အထက်ပညာရပ်များကို မြို့ပေါ်စာသင်ကျောင်း တွင်သော်လည်းကောင်း၊ နွားလပိုးရွာမအထက်တန်းကျောင်းတွင်သော်လည်းကောင်း ဆက်လက်ပညာသင်ယူကြပါသည်။ ယခုအချိန်တွင် ကျေးရွာတွင် ပညာတတ်ဦးရေမှာ တဖြည်းဖြည်းပေါ်ထွက်လာပါသည်။ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်ပြီး အခက်အခဲများရှိပါက ကိုယ်ဝန်ဆောင်မိခင်များနှင့် နာမကျန်းဖြစ်သူများသည် နွားလပိုးအုပ်စုကျေးလက်ကျန်းမာရေးဌာနခွဲတွင်သွားရောက် ဆေးကုသမှုခံယူကြပြီး အရေးပေါ်ကျန်းမာရေးအခြေအနေများတွင် လွိုင်ကော်ဆေးရုံကြီးတွင်သွားရောက် ဆေးကုသမှုခံယူကြရပါသည်။ ကျေးရွာအတွင်းရှိလမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလမ်းရန်ခက်ခဲပါသည်။ ကျေးရွာတွင် အိမ်ခြေနည်းသော်လည်း ရွာ၏သာရေးနာရေး၊ လူမှုရေးများတွင် အတူတကွ ပူးပေါင်း ပါဝင်ပြီး ဆောင် ရွက်ကြပါသည်။

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ်-လွိုင်ကော်   ကျေးရွာအုပ်စု-နွားလပိုး   ကျေးရွာ-ထီးသူးကူး  ရက်စွဲ -၂၃.၁၀.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ထော်လော်ဂျီ၊ ဆိုင်ကယ်(၂)စီး၊ စက်ဘီး၊ ကိုင်းရှည်ထွန်စက်၊ တိုက်အိမ် ၊   ဖုန်း၊ တီဗီ၊တောင်ယာ (၁၅)ကေ၊လယ် (၆)ကေ၊ ဈေးဆိုင် | ၇ | ၁၄.၆ % |
| အလယ်အလတ် | နွားလှည်း၊ နွား၊ဆိုင်ကယ်(၁)စီး၊ ဖုန်း၊တီဗီ ပျဥ်ထောင်အိမ်၊တောင်ယာ (၁၀)ကေ | ၂၅ | ၅၂ % |
| ဆင်းရဲ/နွမ်းပါး | ဝါးထရံအိမ်၊စက်ဘီး၊ဆိုင်ကယ်(၁)စီး၊ ဖုန်း၊တီဗီ၊ တောင်ယာ (၅)ကေ | ၁၆ | ၃၃.၄ % |
| **စုစုပေါင်းအိမ်ထောင်စု** | | **၄၈** | **၁၀၀%** |

ပါဝင်ဆွေးနွေးသူ -

ကျား -      ၁၄

မ   -      ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး







# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်

ထီးသူးကူးကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုကို အဆင့်(၃)ဆင့်သတ်မှတ်ထားကြပါသည်၊ အိမ်ခြေနှင့်အိမ်ထောင်စုအရေအတွက်(၄၈)အိမ်ရှိသည့်အနက် အိမ်ခြေ(၇)မှာ ချမ်းသာအဆင့်၊ အိမ်ခြေ(၂၅)မှာ အလယ်အလတ်အဆင့်တွင်ရှိပြီးအိမ်ခြေ(၁၆)အိမ်မှာ ဆင်းရဲအဆင့်တွင်ရှိသည်ဟု သတ်မှတ်ထားကြပါသည်။

ဥစ္စာဓနကြွယ်ဝမှုကို အဆင့်(၃)ဆင့် အနက် ချမ်းသာသောအဆင့်တွင်ရှိသော အိမ်ခြေ (၇ ) အိမ်မှာ ထော်လော်ဂျီ၊ ဆိုင်ကယ်(၂)စီး၊ စက်ဘီး၊ ကိုင်းရှည်ထွန်စက်၊ ဖုန်း၊တီဗီ၊တောင်ယာ (၁၅)ကေ၊ လယ်(၆)ကေ၊ ဈေးဆိုင်ပိုင်ဆိုင်ပြီး နေအိမ်အနေအထားမှာ တိုက်အိမ်ဖြင့် နေထိုင်ကြပါသည်။ အလယ်အလတ်အဆင့်တွင် ရှိသော အိမ်ခြေ (၂၅) အိမ်တွင်နွားလှည်း၊နွား၊ ဆိုင်ကယ်(၁)စီး၊ ဖုန်း၊ တီဗီ ၊ တောင်ယာ(၁၀)ကေနှင့်အထက်ပိုင်ဆိုင်ထားကြပြီး နေအိမ်အနေအထား မှာ ပျဉ်ထောင်အိမ်နှင့်သာနေထိုင်ကြပါသည်။ ဆင်းရဲနွမ်းပါးပြီး စားဝတ်နေရေး အဆင်မပြေသော အိမ်ထောင်မိသားစု (၁၆) အိမ်မှာ စက်ဘီး၊ ဆိုင်ကယ်(၁)စီး၊ ဖုန်း၊ တီဗီ၊ တောင်ယာ (၅)ကေနှင့်အထက်ပိုင်ဆိုင်ကြပြီး နေအိမ်အနေအထားမှာ ဝါးထန်းရံအိမ်ဖြင့်သာနေထိုင်ကြပါသည်။ ဤအဆင့်တွင်ရှိသောအချို့မိသားစုမှာလည်း လယ်ယာပိုင်ဆိုင်မှုမရှိသောသူ မိသားစုများလည်း ရှိပါသည်။

ဆင်းရဲပြီးနွမ်းပါးရခြင်းနှင့်စားဝတ်နေရေးမပြေလည်သည့်အကြောင်းအရင်းမှာလယ်ယာ ပိုင်ဆိုင်မှုနည်းပါးခြင်း၊ လယ်ယာမြေမရှိခြင်း၊ အလုပ်အကိုင်တည် တကျမရှိခြင်းနှင့် အလုပ်လုပ်သူနည်းပြီး မိသားစုဦးရေများခြင်း စသည်တို့ကြောင့်ဖြစ်ပါသည်။ အချို့သောသူများ မှာလယ်ယာမဝယ်နိုင်ခြင်းနှင့် ရင်းနှီးငွေမရှိခြင်း တို့ကြောင့်စားဝတ်နေရေး မပြေလည်ကြပေ။ ထိုသို့စားဝတ်နေရေးမပြေလည်သောကြောင့် အမျိုးသားများသည် စိုက်ပျိုးရာသီ နားသောအချိန်တွင် ပန်းရံလက်သမားလုပ်ငန်းများလုပ်ကိုင်ကြပြီး စားဝတ်နေရေးပြေလည်စေရန်တစ်ဖက်တစ်လှမ်းမှ ဝင်ငွေရရှိစေရန် ဆောင်ရွက်ဖြေရှင်းခဲ့ကြပါသည်။မိုးခေါင်ရေရှားပြီး ရာသီဥတု ဖောက်ပြန်သောနှစ်တွင် လယ်ယာကေများစွာပိုင်ဆိုင်ထားသော အိမ်ထောင်စုမှာ စားဝတ်နေရေး အဆင်ပြေသော်လည်း လယ်ယာကေအနည်းငယ်သာပိုင်ဆိုင်ထားသောအိမ်ထောင်စုမှာ စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့ကြရပါသည်။ ထိုသို့အခက်အခဲများ ကြုံတွေ့သောအခါတွင် အခြားအဆင်ပြေသောသူများထံမှ သွားရောက်ချေးငှားရပြီး နောက်နှစ်သီးနှံပေါ်ချိန်မှသာ အကြွေးများ ပြန်လည် ဆပ်ကြရပါသည်။ ရာသီဥတုကောင်းမွန်သောနှစ်တွင် စားဝတ်နေရေး အဆင်ပြေပြီး မိသားစု အတွက်တစ်နှစ်တာ စားဝတ်နေရေးအတွက် လုံလောက်မှုရှိပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| စိုက်ပျိုးရေး | ကြက်သွန်နှုတ် | | စပါးစိုက်၊ပြောင်းစိုက်၊မြေပဲစိုက်၊ပဲစဉ်းငုံစိုက် | | | ပေါင်းလိုက်၊ပြောင်းရိတ်သိမ်း မြေပဲနှုတ်၊ စပါးရိတ်သိမ်း | | | | | ပဲစဉ်းငုံရိုး | |
| ဝင်ငွေ | | | | | | | $$ | $$$ | $$$ | | | $ |
| ထွက်ငွေ | | | $$ | $ | $$ | $ | $ | | $$$ | $ | | |
| ကျန်းမာရေး | | ဝမ်းပျက်ဝမ်းလျှော | | | | | | တုတ်ကွေး နှာစေး၊ချောင်းဆိုး | | | | |
| ပွဲလမ်းသဘင် | | | | | | | | | ခရစ္စမတ်ပွဲ | နှစ်သစ်ကူးပွဲ | | |
| သောက်သုံးရေရရှိမှု | ရေရှားပါးခြင်း | | ရေလုံလောက်မှုရှိ | | | | | | | | | ရေရှားပါးခြင်း |
| အစားအစာဖူလုံမှု | | | အသီးအရွက်များပေါ်များခြင်း | | | | | | | | | |
| အားလပ်ချိန် | အလုပ်ပါးချိန် | | | | | | | | | | | အလုပ်ပါးချိန် |

ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ရာသီစွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ထီးသူးကူးကျေးရွာ၏ အဓိက စိုက်ပျိုးသောသီးနှံမှာ ပြောင်း၊စပါး ၊မြေပဲ ၊ပဲစဉ်းငုံ စသည့်တို့ကို စိုက်ပျိုးကြပါသည်။ ဇွန်လနှင့် ဇူလိုင်လတွင် ပြောင်း၊စပါး ၊မြေပဲ ၊ပဲစဉ်းငုံ စတင်စိုက်ပျိုးကြစိုက်ပျိုးကြပါသည်။ အောက်တိုဘာလတွင် ပြောင်းချိုး၊မြေပဲနုတ်ပြီး နိုဝင်ဘာလတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီး ဖေဖော်ဝါရီလတွင် ပဲစဉ်းငုံခူးကြပါသည်။

ဝင်ငွေများအနေဖြင့် စပါး၊ပြောင်း နှင့် မြေပဲ ရိတ်သိမ်းပြီးရောင်းသည့်လဖြစ်သော အောက်တိုဘာလနှင့် ဒီဇင်ဘာလတွင် ဝင်ငွေအများဆုံးရရှိသောလဖြစ်ပါသည်။ ကျန်သောလများတွင် နေ့စားအလုပ်များ သွားရောက် လုပ်ကိုင်ကြသောကြောင့် ဝင်ငွေအနည်းငယ်ရှိကြပါသည်။ ထွက်ငွေမျာအနေဖြင့်စိုက်ပျိုးချိန်အတွက်မြေဩဇာများ ၊ မျိုးစေ့များဝယ်ရသောအချိန်တွင်ထွက်ငွေပိုများပါသည်။ ကျန်းမာရေးအနေဖြင့် မေလနှင့်ဇွန်လများတွင် ဝမ်းပျက်ဝမ်းလျော့အဖြစ်များပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင်နှာစေးချောင်းဆိုးခြင်းနှင့် တုတ်ကွေးရောဂါ အဖြစ်များပါသည်။

ထီးသူးကူးကျေးရွာတွင် အဓိကပွဲတော်များအနေဖြင့် ခရစ္စမတ်ပွဲ နှင့် ကရင်နှစ်သစ်ကူးပွဲ စသည့်တို့ကို အဓိက ကျင်းပကြပါသည်။ ဧပြီလနှင့်မေလတွင် ရေတွင်းရေခမ်းသောကြောင့် သောက်သုံးရာသီ ရှားပါးသော ကာလ ဖြစ်ပါသည်။ သို့သော်လည်း ထီးသူးကူး ကျေးရွာအတွက်ကျေးလက်ဦးစီးမှ ရေလျောင်ကန် တည်ဆောက် ပေးကြောင့် နွေရာသီတွင် သောက်သုံးရေ အဆင်ပြေလာခဲ့ရပါသည်။ ဖေဖော်ဝါရီလနှင့် မတ်လများ တွင် သီးနှံများ ရိတ်သိမ်းပြီး သော အချိန် ဖြစ်သောကြောင့် အလုပ်ပါးသော အချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် အချို့သော သူများ မှာ နေ့စားပန်းရံ ၊ လက်သမား အလုပ်များသွားရောက်လုပ်ကိုင်ခြင်းဖြင့် ကျေးရွာတွင် အမျိုးသား များက မိသားစု ဝင်ငွေရရှိစေရန် ပိုမိုအလုပ်လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင် သာပိုမို အချိန်ကုန်ကြသော ကြောင့် ဝင်ငွေရရှိမှုနည်းပါသည်။ ထို့ကြောင့် စားဝတ်နေရေးလုံလောက်မှုမရှိပါ။ ထို့သို့ လုံ လောက်မှု မရှိသောကြောင့် ချေးငှားရပြီး သီးနှံထွက်သောအချိန်မှသာ အတိုးနှင့် ပြန်လည်ဆပ်ကြရပါသည်။ ထိုနည်းဖြင့်မိသားစု စားဝတ်နေရေးကို အဆင်ပြေစေရန် ဖြေရှင်းခဲ့ကြပါသည်။ အမျိုးသမီးများသည် ကြက်၊ဝက်မွေးမြူခြင်းဖြင့် ဝင်ငွေရရှိအောင်ဆောင်ရွက်ကြပါသည်။

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| လယ်ထွန်စက် | ဈေးဆိုင် | ဆိုင်ကယ် |
| ထော်လော်ဂျီ | ကြက်၊ဝက်မွေးမြူးခြင်း | လယ်ယာ |
| လက်သမား | အိမ်တွင်းမှု | ပန်းရံ |
| | | လမ်း၊ရေတွင်း |
| | | ဘုရားကျောင်း |
| | | အိမ်၊ ကျောင်း |
| | | တီဗီ ၊ ဖုန်း |
| | | ရေလှောင်ကန် |

ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ -၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

## အရင်းအမြစ်ထိန်းချုပ်မှု/ဆုံးဖြတ်မှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| လယ်ထွန်စက် | ကြက်၊ဝက်မွေးမြူခြင်း | ဆိုင်ကယ် |
| လက်သမား | အိမ်တွင်းမှု | လယ်ယာ |
| ထော်လော်ဂျီ | ဈေးဆိုင် | ပန်းရံ |
| | | လမ်း၊ရေတွင်း |
| | | ဘုရားကျောင်း |
| | | အိမ်၊ကျောင်း |
| | | ဘုရားကျောင်း |
| | | တီဗီ၊ဖုန်း |
| | | ရေလှောင်ကန် |


# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယားသုံးသပ်ချက်

ထီးသူးကူးကျေးရွာတွင် အိမ်ခြေ (၄၈) အိမ် ရှိပြီး ကယားလူမျိုးများသာနေထိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိက လုပ်ကိုင် ပြီး အသက်မွေးကြသောကျေးရွာဖြစ်ပါသည်။ လယ်ယာများတွင် စပါး၊ ပြောင်း၊မြေပဲ၊ နှင့် ပဲစဉ်းငုံ တို့ကို အဓိကစိုက်ပျိုး ကြပါသည်။ ထိုစိုက်ပျိုးသီးနှံ ကိုသာအ မှီပြုမိသားစု၏စားဝတ်နေရေး ပြသနာကိုဖြေရှင်းကြရပါသည်။လယ်ယာရှိသောသူများသည် စားဝတ်နေရေး ပိုမိုအဆင်ပြေကြပြီး လယ်ယာမြေမရှိသောသူများသည် အငှားလိုက်ခြင်းဖြင့် စားဝတ်နေရေးအတွက် အဆင်ပြေစေရန် ဆောင်ရွက်ကြပါသည်။ စပါးနှင့်ပြောင်းတို့ကို မေလနှင့်ဇွန်လတွင် အများဆုံးစိုက်ပျိုးကြပါသည်။ ရာသီဥတုပေါ် မူတည်ပြီး စိုက်ပျိုးကြပါသည်။ စပါးနှင့် ပြောင်းမျိုးကောင်းမျိုးသန့် ရရှိစေရန် ဈေးကြီးပေးပြီးဝယ်ကြရသည်။စိုက်ပျိုးရာသီ နှင့် ရိတ်သိမ်းရာသီ ပြီးသောအခါတွင် တောင်ယာများကို ရှင်းလင်းမီးရှို့ကြပါသည်။

စိုက်ပျိုးရေးရာသီနားသောကာလတွင် တစ်ဖက်တစ်လှမ်းမှဝင်ငွေရရှိစေရန်အတွက် အမျိုးသားများသည် ပန်းရံနှင့် လက်သမားလုပ်ငန်းနှင့် အခြားနေ့စားများသွားရောက်လုပ်ကိုင် ဆောင်ရွက်ကြပြီး အမျိုးသမီးများမှာ ကြက် ၊ ဝက်မွေးမြူးခြင်း သွားရောက်ရောင်းချ ခြင်းဖြင့်ဝင်ငွေ ရရှိအောင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းရှားပါးသောကြောင့် အချို့သောသူများသည် အခြားမြို့နယ်တွင် သော်လည်းကောင်း နိုင်ငံခြားတွင်သော်လည်းကောင်း သွား ရောက်အလုပ်လုပ်ကိုင်ကြပါ သည်။ ကျေးရွာလူထုများသည် အိမ်တိုင်း တွင်ရေတွင်းများရှိသော်လည်း နွေရာသီတွင်ရေခမ်းပြီး ရေလုံလောက်မှုမရှိပါ။

ထီးသူးကူးကျေးရွာတွင် အလယ်တန်း စာသင်ကျောင်း ရှိပြီး အထက်ပညာရပ်များကို မြို့ပေါ်စာသင်ကျောင်း တွင်သော်လည်းကောင်း နွားလဝိုးရွာမအထက်တန်းကျောင်းတွင်သော် လည်းကောင်း ဆက်လက်ပညာသင်ယူကြပါသည်။ ယခုအချိန်တွင် ကျေးရွာတွင် ပညာတတ်ဦးရေမှာ တဖြည်းဖြည်းပေါ်ထွက်လာပါသည်။ ကျေးရွာတွင် ကျန်းမာရေး ဆေးပေး ခန်းမရှိသောကြောင့် ကျန်းမာရေးနှင့် ပတ်သက်ပြီး အခက်အခဲများရှိပါက ကိုယ်ဝန် ဆောင်မိခင်များနှင့် နာမကျန်းဖြစ်သူများသည် နွားလဝိုး အုပ်စုကျေးလက် ကျန်းမာရေး ဌာနခွဲတွင်သွားရောက် ဆေးကုသ မှုခံ ယူကြပြီး အရေးပေါ် ကျန်းမာရေးအခြေအနေများတွင် လွိုင်ကော်ဆေးရုံကြီးတွင်သွား ရောက် ဆေး ကုသ မှုခံယူကြရပါသည်။ ကျေးရွာအတွင်းရှိလမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလမ်းရန်ခက်ခဲပါသည်။ ကျေးရွာတွင်အိမ်ခြေနည်း သော်လည်း ရွာ၏သာရေးနာရေး၊ လူမှုရေးများတွင် အတူတကွ ပူးပေါင်း ပါဝင်ပြီး ဆောင် ရွက်ကြပါသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ




**ပါဝင်ဆွေးနွေးသူ -**

ကျား - ၁၄

မ - ၂၃

**မှတ်တမ်းတင်သူ**


အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ပင့်ကူအိမ် သုံးသပ်ချက်

ထီးသူးကူးကျေးရွာရှိ အမျိုးသမီးများသည် အိမ်မှုကိစ္စနှင့်သာ ပိုမိုအချိန်ကုန်ကြသောကြောင့်ဝင်ငွေရရှိသောလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသောကြောင့် ဝင်ငွေရရှိမှုနည်းပါသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးလုပ်အားခတန်းတူရရှိကြပါသည်။ ကျေးရွာ၏ဖွံ့ရေးလုပ်ငန်းများတွင် အမျိုးသမီးများပူးပေါင်းပါဝင်မှု အားကောင်းသော်လည်း ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများကဦးဆောင်ပြီးဆုံးဖြတ်ချက်ချကြပါသည်။ လုပ်အားခဝင်ငွေနှင့်ပတ်သက်ပြီး အမျိုးသားများသည် အခြားဒေသတွင်သွားရောက် အလုပ်လုပ်ကိုင်ကြသောကြောင့် အမျိုးသမီးများထက်ဝင်ငွေပိုများပါသည်။ ဦးဆောင်ခွင့်တွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုဦးဆောင်ပြီး ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်ကြပါသည်။ ကျေးရွာ၏ဘာသာရေးနှင့် ပတ်သက်သောလုပ်ငန်းများတွင် အမျိုးသမီးများကပိုမိုဦးဆောင်ပြီး ပါဝင်ကြပါသည်။ ကျေးရွာ၏ သာရေး/နာရေးနှင့်လူမှုရေးများတွင်အမျိုးသားနှင့် အမျိုးသမီးအတူတကွ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာရှိအမျိုးသမီးများသည် အချို့မှာပြောရဲဆိုရဲရှိပြီး အချို့မှာပြောရဲဆိုရဲမှုအားနည်းနေကြပါသည်။ ထို့သို့အားနည်းခြင်းကြောင့် ကျေးရွာ၏လုပ်ငန်းများတွင် ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်ချရာတွင်အားနည်းနေကြပါသည်။ အမျိုးသမီးများကို အသိပညာပေးဆွေးနွေးပွဲများနှင့် ရွာ၏လုပ်ငန်းများတွင် အမျိုးသမီးများကိုပိုမိုလက်တွဲခေါ်ရမည်ဖြစ်သည်။ ထို့ပြင်အမျိုးသမီးများကို ပိုမိုအားပေးပြီး ပြောရဲဆိုရဲရှိလာစေရန်၊ ဆုံးဖြတ်ချက်များချနိုင်စေရန်နှင့် ဦးဆောင်နိုင်စေရန် ကူညီပံ့ပိုးပြီး အတူတကွလုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ကျေးရွာချိတ်ဆက်မှု သုံးသပ်ချက်

ထီးသူးကူးကျေးရွာတွင် ကျေးရွာအတွင်းအဖွဲ့ အစည်းများအနေဖြင့် အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖအဖွဲ့၊ ဘာသာရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့ စသည့်အဖွဲ့အစည်းများရှိပါသည်။ ထိုအဖွဲ့များအားလုံးသည် ကျေးရွာ၏ သာရေး/ နာရေး /ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများ တွင် အတူတကွချိတ်ဆက်ပြီးဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများအားလုံးသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ချိတ်ဆက်ပြီး ဆောင်ရွက်ကြပါသည်။ ကျန်းမာရေးကော်မတီသည် ကလေးငယ်များကာကွယ်ဆေးထိုးခြင်းနှင့် ကျန်းမာရေးနှင့်ပတ်သက်သောအကြောင်း အရာများကို ကျေးရွာလူထုများသိရှိနိုင်စေရန် ပြောကြားပေးပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းများအနေဖြင့် CDD ၊Save The Children ၊ သမဝါယမအဖွဲ့၊ ကျေးလက်ဦးစီးဌာန စသော အဖွဲ့အစည်းများရှိပါသည်။ Save The Children အဖွဲ့သည် ကျန်းမာရေးနှင့်ပတ်သက်ပြီး အသိပညာရရှိစေရန် အသိပညာပေးဟောပြော ခြင်းများကို ကျေးရွာအတွက်ပြုလုပ်ပေးပါသည်။ CDD အဖွဲ့သည် ကျေးရွာတွင် ကော်မတီများဖွဲ့ပြီး ထိုကော်မတီများကို သင်တန်းများပေးခြင်း နှင့် ကျေးရွာလူထုများနှင့် တွေ့ဆုံကာ အစည်းအဝေးများကျင်းပြီး ကျေးရွာအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော လုပ်ငန်းများကိုဖော်ထုတ်ဆွေးနွေးခြင်း၊ လိုအပ်လျက်ရှိသော လုပ်ငန်းများသည် အကျိုးဝင်သောလုပ်ငန်းဖြစ်ပါက တွက်ချက်ဆောင်ရွက်ပေးခြင်း စသောကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းမျာ ကို ဆောင် ရွက် ပေးလျက်ရှိပါသည်။ ကျေးလက်ဦးစီးဌာနသည် ကျေးရွာတွင်ရေလုံလောက်မှုရရှိစေရန်ရေသွယ်ခြင်းနှင့် ရေလှောင်ကန်တည်ဆောက်ခြင်းဖြင့် ကျေးရွာလူထု ရေလုံလောက်မှုရရှိစေရန်ဆောင်ရွက်ပေးပါသည်။ သမဝါယမအဖွဲ့သည် ကျေးရွာလူထုများမှစားဝတ်နေရေးအဆင်ပြေစေရန်အတွက် ချေးငွေများထုတ်ပေးခြင်း ဖြင့် ကျေးရွာလူထုများသည်လည်းရရှိသောငွေဖြင့် မွေးမြူရေး၊ စိုက်ပျိုးရေး၊ ဈေးဆိုင်လုပ်ငန်းများ တွင်အသုံးပြုခြင်း ဖြင့်ပိုမိုအဆင်ပြေလာခဲ့သည်။

## ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဌ**

၁။ ဦးသဲရယ်

၂။ ဒေါ်မာရီ

**စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ**

၁။ ဦးဖိုးရယ်

၂။ ဒေါ်ဖျားမာ

**လည်ပတ်ထိန်းသိမ်းရေးကော်မတီ**

၁။ ဦးပေါလူ

၂။ ဒေါ်အဲလစ်ဇဘက်

**ဝယ်ယူရေးကော်မတီ**

၁။ ဦးဖျားရယ်

၂။ ဒေါ်ဝင်းဝင်းခိုင်

**စေတနာ့ဝန်ထမ်း**

၁။ ဦးညားရယ်

၂။ ဒေါ်မီမာ

**ဝေဖန်အကြံပြုတိုင်ကြားချက်**
**ဖြေရှင်းရေးကော်မတီ**

၁။ ဦးရီဖဲ

၂။ ဒေါ်ကွယ်မာ

**ငွေစာရင်းကိုင်**

၁။ ဦးညားမာ

ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄


မ- ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး-လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




ပါဝင်ဆွေးနွေးသူ -
ကျား - ၄၃
မ-၃၃

မှတ်တမ်းတင်သူ
အမည်- ဒေါ်နော်ထူးထူးအောင်
ရာထူး-လူထုစည်းရုံးရေးမှူး

## ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|---|---|
| ဦးဖရေးရယ် | | ၀၉၂၅၂၃၆၉၀၂၉ | | ဒေါ်နော်ထူးထူးအောင် | |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် ဘိုင်ကော် | | ကျေးရွာအုပ်စု ဘားယဝိ | ကျေးရွာ | ထီးသူးကူး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၄၈ | ဘာသာ (၁) ခရစ်ယာန် | ၄၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | | | |
| | | | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | - | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၂၉ | ၁၂၉ |
| လူမျိုးစု (၁)-----ကယား | ၁၂၉ | ၁၂၉ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| | | |
| | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၄၁ | ၇ |

## (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ Save the Children [illegible]

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၁---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-----၁၅-------- ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား -----------------

မိုးရာသီတွင်ကြာချိန်-------------၁၅---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ငလျင်ကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --------------------------------

(၂) -------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် Phaye

လက်မှတ် နေ့စွဲ ၁၆ . ၁၀ . ၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်နော်ထူးထူးအောင်

လက်မှတ် [signature] နေ့စွဲ ၁၆ . ၁၀ . ၂၀၁၇

# ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဒေါ်ထူးထူးအောင် | | | | | | | |
| နေ့စွဲ ၂၃.၁၀.၂၀၁၇ | | | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် လွိုင်ကော် | | ကျေးရွာအုပ်စု နွားယရီး | | ကျေးရွာ ထီးသုံးရုံး | | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၃.၁၀.၂၀၁၇ | ၂၃.၁၀.၂၀၁၇ | ၁၄ | ၂၃ | ၃၇ | ကယား \| ၃၇ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၃.၁၀.၂၀၁၇ | ၂၃.၁၀.၂၀၁၇ | ၁၄ | ၂၃ | ၃၇ | ကယား \| ၃၇ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၀.၁၁.၂၀၁၇ | ၁၀.၁၁.၂၀၁၇ | ၄၃ | ၃၃ | ၇၆ | ကယား \| ၂၈ ဒနုမ်း - ၃<br>ကယန်း \| ၁၂ ကရင် - ၆<br>ပအိုဝ်. ၂၅ ဗမာ - ၂ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ဖေက်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နော်ထူးထူးအောင် |
| နေ့စွဲ ၂၃.၁၀.၂၀၁၇ / စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ✓□ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား / မြို့နယ် ဖရူဆို / ကျေးရွာအုပ်စု ဒိုးလရိ / ကျေးရွာ ထီးသုံးကူ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာတွင်း သွားလာရန်ခက်ခဲခြင်း | ၁ | အမျိုးသမီးများ ကိုယ်ပိုင်ဝင်ငွေရရှိသောလုပ်ငန်း မရှိသောအခက်အခဲရှိခြင်း |
| ၂ | ဓာတ်အားဝင်ရောက်ရေး အဆင်ပြေစေရန် အတွက် ပစ္စည်းများ လုံလောက်စွာမရှိသောအခက်အခဲ | ၂ | ရွာတွင်းတွင်မိုးရာသီ၌သွားလာရန်ခက်ခဲခြင်း |
| ၃ | ကျေးရွာလူထုများ ငွေချေးငွေ ရန်အတွက် နေရာအခက်အခဲရှိခြင်း | ၃ | ရပ်ရွာအစည်းအဝေး ပြုလုပ်ရန်နှင့်သင်တန်းများ ပြုလုပ်ရန်အတွက်နေရာမရှိခြင်း |
| ၄ | အလယ်တန်းကျောင်းတွင် ကျောင်းသူ၊သား များ ကျန်းမာရေးအတွက် ယင်လုံအိမ်သာမလုံလောက် | ၄ | ကလေးငယ်များ ပညာသင်ကြားရန်အတွက် စာဖတ်ရန်နေရာမရှိခြင်း၊ မီးအဆင်မပြေခြင်း |
| ၅ | ခြင်း | ၅ | - ကျန်းမာရေးလက်လှမ်းမှီမှုရရှိရန် အားနည်းခြင်း |
| ၆ | အလုပ်အကိုင်အားပါးပြီး ဝင်ငွေနည်းခြင်း | ၆ | - စိုက်ပျိုးရေး၊ မွေးမြူရေး အသိပညာအားနည်းခြင်း |
| ၇ | ကြောင့် အခြားသောသို့ သွားရောက်အလုပ်လုပ်ကိုင်ရခြင်း | ၇ | - ကလေးများ ကျန်းမာရေး အတွက်ကစားရန်အား |
| ၈ | - ကျန်းမာရေး လက်လှမ်း မှီမှုမရှိခြင်း | ၈ | ကစားကွင်း မရှိခြင်း |
| ၉ | - စိုက်ပျိုးရေး၊ မွေးမြူရေး အသိပညာ | ၉ | |
| ၁၀ | အားနည်းသော အခက်အခဲရှိခြင်း | ၁၀ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ အဆင်ပြေစွာသွားလာနိုင်ရန် | ၁ | ရွာတွင်းလမ်းများ အဆင်ပြေလာနိုင်ရန် |
| ၂ | ဓာတ်အားရေး အဆင်ပြေလာစေရန် | ၂ | - ရပ်ရွာအစည်းအဝေး ပြုလုပ်နိုင်ရန် နေရာရရှိရန် |
| ၃ | ကျေးရွာလူထု သားရေး၊ ငွေရေး ချေးငွေ ရန် အတွက်နေရာရရှိရန် | ၃ | - လျှပ်စစ်မီး အားလုံးရရှိရန် |
| ၄ | - ကျောင်းသူ၊သား များအတွက် ယင်လုံအိမ်သာ လုံလောက်စွာရရှိရန် | ၄ | - စိုက်ပျိုး၊ မွေးမြူရေး သင်တန်းများ၊ နည်းပညာ များရရှိရန် |
| ၅ | - ကျန်းမာရေး လက်လှမ်းမှီမှုရရှိရန် | ၅ | - ကျန်းမာရေး လက်လှမ်းမှီမှုရရှိရန် |
| | - စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာ | ၆ | - ကလေးငယ်များ ကျန်းမာသန်စွမ်းစွာကစား |
| | ရရှိရန် | ၇ | နိုင်ရန် ကစားကွင်းရရှိရန် |
| | - အလုပ်အကိုင် အခွင့်အလမ်းများ | ၈ | - ကလေးငယ်များ ပညာသင်ကြားရန် အတွက် |
| | ရရှိရန် | ၉ | စာဖတ်ရန်နေရာရှိစေရန် |
| | | ၁၀ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

ပထမ အကြိမ် ၊ ဒုတိယ အကြိမ် ....................အစည်းအဝေးအစီရင်ခံစာ

| နေ့ရက် | ၂၃ . ၁၀ . ၂၀၁၇ | အချိန် | မှ ထိ |
|---|---|---|---|
| နေရာ | ထီးသူးကူး ဘုရားကျောင်း | ကျေးရွာအုပ်စု/ကျေးရွာ | နွားယဉ်ရိုးအုပ်စု ၊ ထီးသူးကူး |
| မြို့နယ် | လွိုင်ကော် | ပြည်နယ် | ကယား |

အစည်းအဝေးအစီအစဉ်

| | |
|---|---|
| ၁ | ဖွင့်ပွဲဆောင်ရွက်ခြင်း ၊ လူထုစုပေါင်းပြုစီမံကိန်း မိတ်ဆက် ၊ စီမံကိန်း မိတ်ဆက် |
| ၂ | ကျေးရွာ စီမံခန့်ခွဲမှုအဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်း ၊ လူမှုဆန်းစစ်ခြင်း |
| ၃ | အခက်အခဲ ၊ မျှော်မှန်းချက် နှင့် ဖွံ့ဖြိုးရေးလုပ်ငန်း များ ပြန်လည် အတည်ပြုခြင်း နှင့် |
| ၄ | နောက်လုပ်ငန်းစဉ် များအား ရှင်းလင်းခြင်း ၊ အကာအကွယ် နှင့် စံနှုန်း များအား ရှင်းလင်းခြင်း |
| ၅ | အစည်းအဝေး ပိတ်သိမ်းခြင်း နှင့် ကျေးဇူးတင်စကား ပြောကြားခြင်း |

| ဆွေးနွေးသည့်အကြောင်းအရာများ | ဦးဆောင်ဆွေးနွေးသူ |
|---|---|
| - စီမံကိန်းမိတ်ဆက်ခြင်း နှင့် စီမံကိန်းစက်ဝန်း အား ပြန်လည် ရှင်းလင်းခြင်း<br>- စေတနာ့ဝန်ထမ်း နှင့် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ အား ပြန်လည်ရွေးချယ်ခြင်း<br>- လူမှုဆန်းစစ်ချက်များအား ပြန်လည်သုံးသပ်ဆွေးနွေးခြင်း<br>- အခက်အခဲ ၊ မျှော်မှန်းချက် နှင့် ပထမ နှစ် စက်ဝန်း မှ ရွေးချယ် ထားသော စီမံကိန်း လုပ်ငန်း ခွဲ များအား ပြန်လည် ဆွေးနွေး ခြင်း<br>- အကျိုးဝင်သော လုပ်ငန်း ၊ အကာအကွယ် နှင့် စံနှုန်း များအား ရှင်းလင်း ပြောကြား ခြင်း | ခေါ်နော်ထူးထူးအောင်<br>ခေါ် အိအိထွေး<br>ခေါ် |

ဆွေးနွေးဆုံးဖြတ်ချက်များ-

ပထမနှစ် စီမံကိန်း တွင် အတွေ့အကြုံ ရှိသော ကော်မတီ များ ကိုသာ ပြန်လည်ဖွဲ့စည်းရန် ဆွေးနွေး ဆုံးဖြတ် ခဲ့ကြပါသည်။ စီမံကိန်းလုပ်ငန်း ခွဲများကိုလည်း ကျေးရွာလူထုအားလုံး အတွက်အမှန်တကယ်လိုအပ်သော လုပ်ငန်း ဖြစ်သော ခုံးမခေါင်း ကို ဆောင်ရွက်ရန် ဆွေးနွေး ဆုံးဖြတ် ခဲ့ကြပါသည်။ လူမှုဆန်းစစ် ချက်များ တွင်လည်း လိုအပ်သော အချက် နှင့် ကျန်ရှိသော အချက်များကို ထပ်မံဖြည့်စွက် ဆွေးနွေး ခဲ့ကြပါသည်။

အကြံပြုချက်များ-

မှတ်တမ်းပြုစုသူ ခေါ်နော်ထူးထူးအောင်

ရာထူး - လူထုစည်းရုံးရေးမှူး

# ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ်မှုရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့) အုပ်စု | ပြင်ပမှ မည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | အစည်းအဝေးခန်းမဆောင် တည်ဆောက်ခြင်း။ | မ ( √ )<br>ကျား (√ ) | | | |
| | ၂ | စာကြည့်တိုက်အသစ်တည်ဆောက်ခြင်း | မ ( √)<br>ကျား(√ ) | | | |
| | ၃ | ရွာတွင်းလမ်း | မ ( √ )<br>ကျား(√ ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း / စီးပွားရေး | ၁ | အိမ်တွင်းမှုသင်တန်း | မ (√ )<br>ကျား( ) | | | |
| | ၂ | စိုက်ပျိုးမွေးမြူရေးသင်တန်း | မ (√ )<br>ကျား(√) | | | |
| | ၃ | အလုပ်အကိုင်အခွင့်အလမ်း | မ ( )<br>ကျား(√) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် ပညာရေး | ၁ | စာသင်ကျောင်းအိမ်သာ | မ( )<br>ကျား(√ ) | | | |
| | ၂ | ဆေးပေးခန်းတည်ဆောက်ခြင်း။ | မ( √ )<br>ကျား(√ ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား() | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြား | ၁ | | မ (√ )<br>ကျား( √) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

# ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ ( ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ ( ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | အစည်းအဝေးခန်းမဆောင် တည်ဆောက် ခြင်း | ၁ | | | √ | |
| ၂။ | ရွာတွင်းလမ်း | ၂ | | | √ | |
| ၃။ | စာကြည့်တိုက်အသစ်တည် ဆောက်ခြင်း | ၃ | | | √ | |
| ၄။ | စာသင်ကျောင်းအိမ်သာ | ၄ | √ | | | |
| ၅။ | ဆေးပေးခန်းအသစ်တည် ဆောက်ခြင်း | ၅ | | √ | | |
| ၆။ | စိုက်ပျိုးမွေးမြူရေးသင်တန်း | ၆ | | | √ | |
| ၇။ | အိမ်တွင်းမှုသင်တန်း | ၇ | | √ | | |
| ၈။ | အလုပ်အကိုင်အခွင့်အလမ်း | ၈ | √ | | | |

ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၂၃

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



